## ပဋိသမ္ဘိဒါ (၄) ပါး

(၁) အတ္ထပဋိသမ္ဘိဒါ = အနက်အဓိပ္ပါယ်နှင့် အကျိုးတရားများကို ပိုင်းခြား ပြတ်သားစွာ သိသောဉာဏ်

(၂) ဓမ္မပဋိသမ္ဘိဒါ = ဒေသနာတော်နှင့် အကြောင်းတရားများကို –

(၃) နိရုတ္တိပဋိသမ္ဘိဒါ = ပါဠိစကားကို ဝေဖန်ဆုံးဖြတ်နိုင်သောဉာဏ်
(ဘာသာစကားကို – )

(၄) ပဋိဘာနပဋိသမ္ဘိဒါ = ဆိုအပ်သော အချက်အလက်များကို အလျင်အမြန် သိနိုင်သောဉာဏ်

## ဘော (၁၁) ပါးဖြင့် ရှုခြင်း

ဒုက္ခဘော၊ ရောဂဘော၊ ဂဏ္ဍဘော၊ သလ္လဘော၊ အဃဘော၊ အာဗာဓဘော ကို ခြောက်ပါးသည် ဒုက္ခလက္ခဏာ

အနိစ္စဘော၊ ပလောကဘော ကို နှစ်ပါးသည် အနိစ္စလက္ခဏာ

ပရဘော၊ သုညဘော၊ အနတ္တဘော ကို သုံးပါးသည် အနတ္တလက္ခဏာ

ဆင်းရဲချည်းပဲ ရောဂါနဲ့ ပေါက်ကွဲ ဆိုင်းကျသည်။
ငြောင့် မကောင်းမှု ဖျားနာဂု မှတ်ရှုဒုက္ခမည်။
မမြဲပါက ပျက်လွယ်ကြ အနိစ္စသာမည်။
သူစိမ်းပြင်ပ ကင်းအတ္တ အနတ္တသာမည်။

## အတ္တစွဲ (၄) မျိုး

(၁) သာမိအတ္တစွဲ = တကိုယ်လုံးကို စိုးပိုင်သော ငါကောင်ရှိတယ်လို့ ထင်ခြင်း။

(၂) နိဝါသီအတ္တစွဲ = ကိုယ်ထဲမှာ အမြဲတမ်းတည်နေသော ငါကောင်ရှိတယ်လို့ထင်ခြင်း။

(၃) ကာရကအတ္တစွဲ = ကိုယ်နှုတ်စိတ်အမှုအရာမှန်သမျှကို ငါကောင်ပင် ပြုလုပ်တယ်လို့ထင်

(၄) ဝေဒကအတ္တစွဲ = အကောင်းအဆိုးမှန်သမျှကို ငါကောင်ကပင် ပြုလုပ်တယ်လို့ ထင်ခြင်း

(က) အနတ္တ = သဘောအတိုင်း ဖြစ်ပျက်နေသော ရုပ်နာမ်ဓမ္မ

(ခ) အနတ္တလက္ခဏာ = အလိုအတိုင်း မဖြစ်ခြင်း

(ဂ) အနတ္တာနုပဿနာဉာဏ် = အစိုးမရ ငါကောင်မဟုတ်လို့ သိမြင်ခြင်း။

## လက္ခဏာရေး (၃) ပါး သိမြင်အောင်ရှုခြင်း

အနိစ္စလက္ခဏာကို သန္တတိ-က ဖုံးကွယ်သည်။

ဒုက္ခလက္ခဏာကို ဣရိယာပုထ်-က ဖုံးကွယ်သည်။

အနတ္တလက္ခဏာကို ဃန-က ဖုံးကွယ်သည်။ (ဝိသုဒ္ဓိမဂ်၊၂၊၂၇၆)

ဃန (၄) မျိုး

(၁) သန္တတိဃန = ရှေ့နောက် အစဉ်မပြတ် ဆက်ကာ ရုပ်/နာမ်တရားတွေကို တစုတည်းအနေဖြင့် ထင်မှတ်ခြင်း

(၂) သမူဟဃန = စုစုပြီး ဖြစ်နေသော ရုပ်နာမ်တရားအပေါင်းကို တယောက်တည်းအနေဖြင့် ထင်မှတ်ခြင်း

(၃) ကိစ္စဃန = ရုပ်နာမ်တရားတို့သည် ကိစ္စအားဖြင့် ကွဲပြားနေလျက် တကိုယ်တည်းအနေဖြင့် ထင်မှတ်ခြင်း

(၄) အာရမ္မဏဃန = နာမ်တရားများသည် အာရုံအားဖြင့် ကွဲပြားနေပေမယ့် တယောက်တည်းအနေဖြင့် ထင်မှတ်ခြင်း

သမ္မသနဉာဏ် ရူပသတ္တက ဝိပဿနာရှုနည်း

၁။ အာဒါနနိက္ခေပရုပ် ရှုနည်း - ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် အချိန်အတွင်း၌ ဖြစ်သောရုပ်တို့ကို လက္ခဏာသုံးချက် တင်၍ ရှုခြင်း။

၂။ ဝယောဝုဍ္ဎတ္ထင်္ဂမရုပ် ရှုနည်း - အရွယ်အားဖြင့် ကြီးလာသောရုပ်တို့၏ အဆင့် ချုပ်ငြိမ်းမှုကို ရှုခြင်း။

၃။ အာဟာရမယရုပ် ရှုနည်း - အစာဆာသောအခါ၊ အစာဝသောအခါ၌ ဖြစ်သော ဓာတုသန္တတိရုပ်ကို ရှုခြင်း

၄။ ဥတုမယရုပ် ရှုနည်း - ပူ + အေးသောအခါ၌ ဖြစ်သော ——

၅။ ကမ္မဇရုပ် ရှုနည်း - မျက်စိ၌ ဖြစ်သောရုပ်. စသည်

၆။ စိတ္တသမုဋ္ဌာန်ရုပ် ရှုနည်း - ဝမ်းမြောက်မှု + ဝမ်းနည်းမှု၌ ဖြစ်သော ——

၇။ ဓမ္မတာရုပ် ရှုနည်း - သက်မဲ့ (ကော၊ကောင်) ဖောက်၌ဖြစ်သော တက်ဝေးပါးကိုရှု

သမ္မသနဉာဏ် အရူပသတ္တက ရှုနည်း

၁။ ကလာပအားဖြင့် ရှုနည်း = ပေါင်းစုခြုံငုံ၍ ရှု

၂။ ယမကအားဖြင့် ရှုနည်း = အစုံအားဖြင့် ရှု

၃။ ခဏိကအားဖြင့် ရှုနည်း = ရုပ်ကို အနိစ္စ ဟုရှု၍ ထိုရှုသော ပထမစိတ်ကို
ဒုတိယစိတ်ဖြင့်ရှု၊ ထိုဒုတိယစိတ်ကို တတိယစိတ်ဖြင့်ရှု၊
ထို ၃-စိတ်ကို စတုတ္ထစိတ်ဖြင့်ရှု၊ ထို ၄-စိတ်ကို ပဉ္စမစိတ်ဖြင့်ရှု

၄။ ပဋိပါဋိအားဖြင့် ရှုနည်း - အထက်ပါအတိုင်း ဧကာဒသမစိတ်ဖြင့်ရှု

၅။ ဒိဋ္ဌိဥဂ္ဃါဋနံ = ဒိဋ္ဌိကို ခွါ ရှုနည်း အနတ္တရှု၊ - မြင်လျှင် ဒိဋ္ဌိကွာ

၆။ မာနသမုဂ္ဃါဋနံ = မာနကိုခွါ ရှုနည်း အနိစ္စ ရှု၊ - မြင်လျှင် မာနကွာ

၇။ နိကန္တိပရိယာဒါနံ = တဏှာကို မဖြစ်စေခြင်း ရှုနည်း ဒုက္ခရှု၊ - မြင်လျှင် တဏှာမဖြစ်